# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါအမှုထမ်းရာထူး(၁၆)နေရာ ခန့်ထားရန်အတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်ပညာအရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| (က) | စာရင်းကိုင်(၄)<br>၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၁ နေရာ<br>(နေပြည်တော်) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင်သူ |
| ( ခ ) | အငယ်တန်းစာရေး<br>၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၇ နေရာ<br>(နေပြည်တော်) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင်သူ |
| ( ဂ ) | ယာဉ်မောင်း(၅)<br>၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | ၃ နေရာ<br>(နေပြည်တော်) | အခြေခံပညာအလယ်တန်းအဆင့်အောင်မြင်ပြီးသူ၊ ယာဉ်မောင်းလိုင်စင်(ခ)အဆင့်ရှိသူ |
| (ဃ) | ရုံးအကူ/စာပို့<br>၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | ၄ နေရာ<br>(နေပြည်တော်) | အခြေခံပညာအလယ်တန်းအဆင့်အောင်မြင်ပြီးသူ၊ လုပ်ငန်းကိုစိတ်ပါဝင်စားသူ |
| ( င ) | သန့်ရှင်းရေးအကူ<br>၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | ၁ နေရာ<br>(နေပြည်တော်) | အခြေခံပညာမူလတန်းအောင်မြင်သူ၊ လုပ်ငန်းကိုစိတ်ပါဝင်စားသူ |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

( ခ ) စာပိုဒ်(၁)မှ (က)၊ (ခ)၊ (ဃ)နှင့် (င)ကို လျှောက်ထားသူသည် လျှောက်လွှာတင်သည့်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၂၈)နှစ် (အစိုးရဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်)ထက် မကျော်လွန်သူ ဖြစ်ရမည်။

( ဂ ) စာပိုဒ်(၁)မှ (ဂ)ကို လျှောက်ထားသူသည် လျှောက်လွှာတင်သည့်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၃၀)နှစ်(အစိုးရဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်) ထက် မကျော်လွန်သူဖြစ်ရမည်။

( ဃ ) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။

( င ) ရွေးချယ်ခြင်းခံရသူများသည် အနည်းဆုံး(၂)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးနိုင်ရမည်။

( စ ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်(Dimissal)ခြင်း၊ ရာထူးမှ ထုတ်ပယ်(Removal)ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ဖော်ပြပါရှိရမည်-

(က) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

( ခ ) မွေးသက္ကရာဇ်နှင့် အသက်

( ဂ ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ

(ဃ) ပညာအရည်အချင်း

( င ) မိဘအမည်၊ အလုပ်အကိုင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

( စ ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဌာန/လက်ရှိရာထူး

( ဆ ) အိမ်ထောင် ရှိ/မရှိ

( ဇ ) နေရပ်လိပ်စာ၊ ဖုန်းနံပါတ်

(လျှောက်လွှာပုံစံကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး၏ကြော်ငြာသင်ပုန်းနှင့် Website: https://portal.moea.gov.mm တွင်လည်း ကြေညာထားမည် ဖြစ်ပါသည်။)

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအချက်အလက်များ ပြည့်စုံစွာ(ပူးတွဲ)ပါရှိရမည်-

(က) ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုအရည်အချင်း အထောက်အထားမိတ္တူ

(ဘွဲ့လက်မှတ်၊ ၁၀ တန်းအောင်လက်မှတ်၊ ကွန်ပျူတာဆိုင်ရာအောင်လက်မှတ်မိတ္တူ)

( ခ ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံစာမူရင်း(လွန်ခဲ့သော တစ်လအတွင်း)

( ဂ ) လိပ်စာဖော်ပြပါဒေသတွင် အမှန်နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာမူရင်း(လွန်ခဲ့သော တစ်လအတွင်း)

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူမှန်

( င ) ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ

( စ ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာန၊ ရာထူး၊ လစာနှုန်း၊ သက်ဆိုင်ရာဌာန ခွင့်ပြုမိန့်မူရင်း

( ဆ ) ပတ်စ်ပို့ဓါတ်ပုံ(၃)ပုံ (လွန်ခဲ့သော ခြောက်လခန့်)
(ဓါတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ် ရေးသားရန်)

၅။ လျှောက်လွှာများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်၊ သို့ ( ၂၄- ၁ - ၂၀၂၅)ရက်နေ့ထိ ရုံးချိန်အတွင်း နောက်ဆုံးထား ပေးပို့လျှောက်ထားရမည်။

၆။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်း သတ်မှတ်ချက်များနှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအထောက်အထား မပြည့်စုံသူများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ ရေးဖြေစာမေးပွဲအောင်မြင်သူများကို လူတွေ့ စစ်ဆေးမှုပြုလုပ်ပြီး ရွေးချယ်ခန့်ထားမည်ဖြစ်ပါသည်။ ဖြေဆိုခွင့်ရသူများ၏ အမည်စာရင်း၊ ခုံအမှတ်၊ ဖြေဆိုမည့်နေ့ရက်နှင့် နေရာများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး၏ကြော်ငြာသင်ပုန်းနှင့် Website: https://portal.moea.gov.mm တို့တွင် ကြေညာပေးထားမည်ဖြစ်ပါသည်။

၇။ စာပိုဒ်(၁)မှ (က)နှင့် (ခ) လျှောက်ထားသူသည် ရေးဖြေစာမေးပွဲ ဖြေဆိုရမည်။ ရေးဖြေစာမေးပွဲတွင် အောက်ပါဘာသာရပ်(၃)ခုကို ဖြေဆိုရမည်-

(က) အင်္ဂလိပ်စာ (ခ) အထွေထွေဗဟုသုတ (ဂ) Computer လက်တွေ့စစ်ဆေးခြင်း

၈။ စာပိုဒ်(၁)မှ (ဂ)၊ (ဃ)နှင့် (င) လျှောက်ထားသူသည် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက လူတွေ့ စစ်ဆေးမှုပြုလုပ်မည်ဖြစ်ပြီး လူတွေ့စစ်ဆေးမည့်ရက်ကို ဆက်သွယ်အကြောင်းကြားမည် ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော် ဖုန်း(၀၆၇-၃၄၀၉၅၅၁)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**

**ပြည်ထောင်စုဝန်ကြီးရုံး**

**ရုံးအမှတ်(၁၄)၊ နေပြည်တော်**

# လျှောက်လွှာပုံစံ

| | |
|---|---|
| ၁။ လျှောက်ထားသည့်ရာထူးအမည် | - ------------------------------------------------------- |
| ၂။ အမည် | - ------------------------------------------------------- |
| ၃။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | - ------------------------------------------------------- |
| ၄။ အသက်/မွေးသက္ကရာဇ်(ရက်၊လ၊နှစ်) | - ------------------------------------------------------- |
| ၅။ လူမျိုး/ ကိုးကွယ်သည့်ဘာသာ | - ------------------------------------------------------- |
| ၆။ သွေးအုပ်စု/ထင်ရှားသည့်အမှတ်အသား | - ------------------------------------------------------- |
| ၇။ ပညာအရည်အချင်း၊ | - ------------------------------------------------------- |
| အောင်မြင်သည့်ခုနှစ် | - ------------------------------------------------------- |
| ၈။ အဘအမည် | - ------------------------------------------------------- |
| (က) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | - ------------------------------------------------------- |
| (ခ ) အလုပ်အကိုင် | - ------------------------------------------------------- |
| ၉။ အမိအမည် | - ------------------------------------------------------- |
| (က) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | - ------------------------------------------------------- |
| (ခ ) အလုပ်အကိုင် | - ------------------------------------------------------- |
| ၁၀။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဌာန/လက်ရှိရာထူး | - ------------------------------------------------------- |
| | - ------------------------------------------------------- |
| ၁၁။ အိမ်ထောင်ရှိ/မရှိ | - ------------------------------------------------------- |
| ၁၂။ အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံနှင့် | - ------------------------------------------------------- |
| ဖုန်းနံပါတ် | - ------------------------------------------------------- |
| | - ------------------------------------------------------- |

(ထိုးမြဲလက်မှတ်)